"ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်"

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွဲနှုတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၂၁/၂၀၂၃)

အမှတ်စဉ် (၂၁/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ မေလ (၂၉) ရက်။

၁။ စိုးမိုးထိန်းချုပ်ထားသည့် နေရာများတွင် ဆက်သွယ်ရေး မပြတ်ရေးဆောင်ရွက်ရန် ဝန်ကြီးချုပ်တိုက်တွန်း (စာမျက်နှာ - ၂)

၂။ မတ်လအတွင်း အကြမ်းဖက်စစ်ကာင်စီတပ်ဖွဲ့ဝင် ၆၀၀ ကျော်သေဆုံးပြီး ၇၀၀ ထိခိုက် ဒဏ်ရာရရှိခဲ့ (စာမျက်နှာ - ၃)

၅။ စစ်ကောင်စီက ကျန်းမာရေးကဏ္ဍအပေါ် ပစ်မှတ်ထား၍ အကြမ်းဖက်မှုများ ကျူးလွန်နေကြောင်း NUG ထုတ်ပြန် (စာမျက်နှာ - ၄)

၆။ "မိုခါ"ဆိုင်ကလုန်းမုန်တိုင်းကြောင့် နေအိမ်ပျက်စီး ဆုံးရှုံးကြရသူ ဒေသခံအိမ်ထောင်စုများကို ရန်ပုံငွေများ ဆက်လက်ထောက်ပံ့ပေးနေ (စာမျက်နှာ - ၅)

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ စိုးမိုးထိန်းချုပ်ထားသည့်နေရာများတွင် ဆက်သွယ်ရေးမပြတ်ရေးဆောင်ရွက်ရန် ဝန်ကြီးချုပ်တိုက်တွန်း

စိုးမိုးထိန်းချုပ်ထားသည့် ဒေသများတွင် အုပ်ချုပ်ရေး၊ ကာကွယ်ရေး အဖွဲ့များအနေဖြင့် ဆက်သွယ်ရေး မပြတ် အချိတ်အဆက်မိရေး အားထုတ်ကြရန်နှင့် စစ်ကြောင်း၊ လေကြောင်း သတင်းများကို ရပ်ရွာအဆင့်အထိ အချိန်မီပေးနိုင်ရေး၊ ပြည်သူများစိတ်ချ အားကိုးသည့်အချက်အလက် ထုတ်ပြန်ရေးစနစ်များ ရှိနေရေး၊ သတင်းအချက်အလက် မှန်မှန်ကန်ကန် စီးဆင်းနိုင်ရေး မျှဝေကြရန်စီမံဆောင်ရွက်ပေးကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ်မန်းဝင်းခိုင်သန်းက မေ ၂၅ရက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

https://bit.ly/3MEJJxH

နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ အကြမ်းဖက်စစ်ကောင်စီက လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပြည်သူများထံ မရောက်ရှိရေး လုပ်ဆောင်နေ

ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရိုဟင်ဂျာများအပါအဝင် လူပေါင်း (၄၅၀) ကျော် အသက်ဆုံးရှုံးခဲ့ပြီး၊ နေအိမ်၊ စာသင်ကျောင်း၊ လမ်း၊ တံတားများအပါအဝင် စိုက်ပျိုးဧရိယာများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ လူပေါင်း (၆) သန်းခန့်မှာ အရေးပေါ် အကူအညီများ လိုအပ်လျက်ရှိကြောင်း၊ အစားအစာ၊ ဆေးဝါးနှင့် ယာယီခိုလှုံရန် တဲများမရှိခြင်း ဆက်သွယ်ရေးနှင့် ကူးသန်းသွားလာမှု ပြတ်တောက်ခြင်းတို့ကြောင့် ဆိုးရွားသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊ ယင်းအခြေအနေတွင် ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် အကူအညီပေးအပ်ရေး ဆောင်ရွက်နေသည့် အခြားသော ကူညီပေးရေးအဖွဲ့များက အမှန်တကယ် လိုအပ်နေသူများထံ လူသားချင်းစာနာမှုအကူအညီများ ပေးပို့နိုင်ရေး အားသွန်ကြိုးစား ဆောင်ရွက်နေကြပြီး အကြမ်းဖက်စစ်တပ်အနေဖြင့် "ဖြတ် (၄) ဖြတ်" မူဝါဒကို အသုံးပြုပြီး လူသားချင်းစာနာမှု အကူအညီပေးရေးပစ္စည်းများ လိုအပ်သူများထံ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသည့်နေရာများမှ နေထိုင်သူများထံမပေးအပ်နိုင်ရေး ကြိုးစားနေကြောင်း မေ ၁၉ ရက် ဗြိတိန်နိုင်ငံက ဦးဆောင်ကျင်းပသောမြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ Arria-Formula အစည်းအဝေးတွင် သံအမတ်ကြီး ဦးကျော်မိုးထွန်းက တင်ပြခဲ့သည်။ https://bit.ly/3MZNDTe

ကာကွယ်ရေးဝန်ကြီးဌာန

၃။ မတ်လအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင် ၆၀၀ ကျော်သေဆုံးပြီး ၇၀၀ ထိခိုက် ဒဏ်ရာရရှိခဲ့

အမှတ်(၁) စစ်ဒေသ၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း တိုက်ပွဲပေါင်း (၄၃၇) ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ (၆၁၂) ဦး သေဆုံး၍ (၇၀၀) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ တိုက်ပွဲများအတွင်း ပြည်သူ့ကာကွယ်ရေးရဲဘော် (၆၀) ဦး တော်လှန်ရေးအတွက် အသက်ပေးလှူခဲ့ရပြီး (၉၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ရန်သူ့ထံမှ လက်နက်မျိုးစုံ (၂၇)လက် အပါအဝင် ခဲယမ်းမီးကျောက် အမြောက်အမြား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ယင်းတိုက်ပွဲများကို အမှတ်(၁) စစ်ဒေသကွပ်ကဲမှုအောက်ရှိ PDF၊ ပကဖနှင့် EROs ပူးပေါင်းအဖွဲ့များက ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/43wClLB

ကျန်းမာရေးဝန်ကြီးဌာန

၄။ ဆေးတက္ကသိုလ်ကျောင်းသား မောင်စွမ်းထက်ကို အာဇာနည်သူရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုကြောင်း NUG ထုတ်ပြန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
https://moh.nugmyanmar.org/

ဝမ်းနည်းကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ မေလ (၂၄) ရက်

၁။ ဆေးတက္ကသိုလ် - မကွေး၊ ဆေးပညာအခြေခံနှစ် (Foundation Year) မှ ကျောင်းသားတစ်ဦးဖြစ်သူ မောင်စွမ်းထက်၊ အသက် (၂၀) နှစ်သည် ၂၀၂၃ ခုနှစ်၊ မေလ (၂၂) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၌ နွေဦးတော်လှန်ရေးအတွက် တိုက်ပွဲဝင်ရင်း မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြောင်း သိရှိရပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနသည် မောင်စွမ်းထက်ကို အာဇာနည်သူရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုအပ်ပြီး မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

၃။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ထွန်းသည်အထိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ ဆတက်ထမ်းပိုး ကြိုးပမ်းတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းကို အသက်၊ ခန္ဓာနှင့် ဘဝများ ပုံအပ်၍ စစ်အာဏာရှင်စနစ် ဖြုတ်ချရေးအတွက် ခေတ်အဆက်ဆက် တိုက်ပွဲဝင်ခဲ့ကြသည့်၊ တိုက်ပွဲဝင်လျက်ရှိကြသည့် အာဇာနည်များ၊ သူရဲကောင်းများအား တိုင်တည်၍ ကတိသစ္စာပြုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် နွေဦးတော်လှန်ရေးအတွက် တိုက်ပွဲဝင်ရင်း မကွေးဆေးတက္ကသိုလ် ဆေးပညာအခြေခံနှစ်ကျောင်းသား မောင်စွမ်းထက် အသက် (၂၀) နှစ် သည် မေလ (၂၂) ရက်တွင် မြင့်မြတ်စွာ အသက်ပေးလှူခဲ့သည့်အတွက် အာဇာနည်သူရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုပြီး မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3MB4xGp

၅။ စစ်ကောင်စီက ကျန်းမာရေးကဏ္ဍအပေါ် ပစ်မှတ်ထား၍ အကြမ်းဖက်မှုများကျူးလွန်နေကြောင်း NUG ထုတ်ပြန်

အကြမ်းဖက်စစ်ကောင်စီသည် ဂျီနီဗာကွန်ဗန်းရှင်း (Geneva Conventions) ၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ၊ လူသာချင်း စာနာထောက်ထားရေးဆိုင်ရာ ဥပဒေများနှင့် ပြည်တွင်း/ပြည်တွင်း ဥပဒေများကို မျက်ကွယ်ပြု၍ ကျန်းမာရေးကဏ္ဍအပေါ် ပစ်မှတ်ထားသည့် အကြမ်းဖက်မှုများကို အကြိမ်ကြိမ် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်လျက်ရှိကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ မေလ (၁၇) ရက် နံနက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကရင်နီ(ကယား) ပြည်နယ်၊ ဘောလခဲမြို့နယ်၊ စောလုံရွာကို လေကြောင်းဖြင့် အကြောင်းမဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ကျေးလက်ဆေးပေးခန်းအနီးတွင် အသက် (၁၇) နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး သေဆုံးခဲ့ရကာ သက်ကြီးရွယ်အို အမျိုးသား (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့နေအိမ် (၆) လုံး၊ ဘုန်းကြီးကျောင်း (၁) ကျောင်းနှင့် ကျေးရွာ၏ သောက်သုံးရေကန်တို့လည်း ထိခိုက်ပျက်စီးခဲ့ပြီး နွားများလည်း သေဆုံးခဲ့ကြောင်း၊ ဧပြီ (၉) ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်မြောက်ပိုင်းရှိ People's Healthcare Network (Kalay) ၏ တိုက်နယ်ဆေးရုံအတွင်းသို့ ပစ်ခတ်ဝင်ရောက်ခဲ့ပြီး ဆေးဝါးများ၊ ဆေးဝါးသိမ်းဆည်းရာ နေရာများနှင့် လူနာကြည့်ရှုရာ နေရာများကိုဖျက်ဆီးသွားခဲ့ကြောင်း ဖော်ပြထားသည်။ https://bit.ly/3BWWSNV



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့
ကျန်းမာရေးဝန်ကြီးဌာန
ထုတ်ပြန်ကြေညာချက်အမှတ် (၆/၂၀၂၃)
၂၀၂၃ ခုနှစ်၊ မေလ (၂၀) ရက်

၁။ အကြမ်းဖက်စစ်ကောင်စီသည် ဂျီနီဗာကွန်ဗန်းရှင်း (Geneva Conventions) ၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ လူသာချင်းစာနာထောက်ထားရေးဆိုင်ရာ ဥပဒေများနှင့် ပြည်တွင်း/ပြည်တွင်းဥပဒေများကို မျက်ကွယ်ပြု၍ ကျန်းမာရေးကဏ္ဍအပေါ် ပစ်မှတ်ထားသည့် အကြမ်းဖက်မှုများကို အကြိမ်ကြိမ် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်လျက်ရှိသည်။

၂။ အကြမ်းဖက်စစ်ကောင်စီသည် (၁၇-၅-၂၀၂၃) ရက်နေ့၊ နံနက် (၄) နာရီခန့်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကရင်နီ (ကယား) ပြည်နယ်၊ ဘောလခဲမြို့နယ်၊ စောလုံရွာကို လေကြောင်းဖြင့် အကြောင်းမဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ကြဲချလိုက်သော ဗုံးသည် စောလုံရွာရှိ ကျေးလက်ဆေးပေးခန်း၏ ဘေးအနီးတွင် ကျရောက်ခဲ့ပြီး အသက် (၁၇) နှစ်အရွယ် အမျိုးသမီးငယ် မခင်ရွှေဝင်း သေဆုံးခဲ့ရကာ မခင်ရွှေဝင်း၏ ဖခင်အပါအဝင် သက်ကြီးရွယ်အို အမျိုးသား (၄) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထို့အပြင် ကျေးလက်ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့နေအိမ် (၆) လုံး၊ ဘုန်းကြီးကျောင်း (၁) ကျောင်းနှင့် ကျေးရွာ၏ သောက်သုံးရေကန်တို့လည်း ထိခိုက်ပျက်စီးခဲ့ပြီး နွားများလည်း သေဆုံးခဲ့သည်။

၃။ (၁၆-၅-၂၀၂၃) ရက်နေ့တွင် ရရှိသော သတင်းအရ အကြမ်းဖက်စစ်ကောင်စီသည် (၉-၄-၂၀၂၃) ရက်နေ့၌ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် မြောက်ပိုင်းရှိ People's Healthcare Network (Kalay) ၏ မြောက်ပိုင်း တိုက်နယ်ဆေးရုံအတွင်းသို့ ပစ်ခတ်ဝင်ရောက်ခဲ့ပြီး ဆေးဝါးများ၊ ဆေးဝါးသိမ်းဆည်းရာ နေရာများနှင့် လူနာကြည့်ရှုရာ နေရာများကို အကြမ်းဖက် ဖျက်ဆီးသွားခဲ့ပါသည်။ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများမှာ အချိန်မီတိမ်းရှောင်နိုင်ခဲ့ပြီး ကျေးရွာများမှ ပြည်သူနှစ်သောင်းကျော်လည်း အိုးအိမ်စွန့်ခွာ၊ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။



၄။ အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်ခံ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ဟူသည့် တရားမဝင် အကြမ်းဖက် အဖွဲ့အစည်းတစ်ခုကလည်း (၁၅-၅-၂၀၂၃) ရက်စွဲဖြင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှ ပုဂ္ဂလိကဆေးရုံ (၃) ရုံတို့၏ လုပ်ငန်းလိုင်စင်များကို ဥပဒေမဲ့ ပယ်ဖျက်ခဲ့သည်။

၅။ (၁၁-၅-၂၀၂၃) ရက်နေ့၌ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ပခုက္ကူ သူနာပြုနှင့် သားဖွား ဒီပလိုမာ (၃) နှစ်သင်တန်းမှ ဒုတိယနှစ် ကျောင်းသား မောင်စိုးမိုးနိုင်၊ အသက် (၂၃) နှစ်သည် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်အတွင်း ဖြစ်ပွားသော တိုက်ပွဲတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်မှ ဒဏ်ရာရ ရဲဘော်ကို ပြုစုကုသနေစဉ် အကြမ်းဖက်စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် ကျဆုံးခဲ့ကြောင်း သိရှိရပါသည်။

၆။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနသည် သူနာကို ပြုစုရင်း ကျဆုံးခဲ့သည့် မောင်စိုးမိုးနိုင်အား ကျန်းမာရေးအာဇာနည် သူရဲကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုအပ်ပြီး မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ အကြမ်းဖက်စစ်ကောင်စီနှင့် လက်တွဲ၍ ကျန်းမာရေးကဏ္ဍအပေါ် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သူအားလုံးကို ပြည်သူ့တရားဥပဒေနှင့်အညီ ပြင်းထန်ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပြီး တရားမျှတမှု ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ဝန်ကြီးဌာနအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများ မည်သို့ပင် ရှိနေစေကာမူ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သူရဲကောင်းကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လက်တွဲ၍ အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ထွန်းသည်အထိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ ဆက်လက်ကြိုးပမ်းတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကတိသစ္စာပြုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
https://moh.nugmyanmar.org/

၂

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန

၆။ "မိုခါ" ဆိုင်ကလုန်းမုန်တိုင်းကြောင့် နေအိမ်ပျက်စီးဆုံးရှုံးကြရသူ ဒေသခံအိမ်ထောင်စုများကို ရန်ပုံငွေများ ဆက်လက်ထောက်ပံ့ပေးနေ

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း တို့ရှိ ဒေသတော်တော်များများတွင် များစွာပျက်စီးဆုံးရှုံးသွားခဲ့ရပြီး လတ်တလော အရေးပေါ် သောက်သုံးရေ၊ အစားအစာ၊ ဆေးဝါးနှင့် အမိုးအကာများ လိုအပ်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် မြို့နယ်များအတွက် လူသားချင်းစာနာမှု အကူအညီများအား Arakan Heritage Foundation (AHF) နှင့် မြေပြင်မှတက်ကြွစွာဆောင်ရွက်နေကြသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက မေ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/43whqsq

မိန့်ခွန်းကောက်နုတ်ချက်များ

အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလ

အကြမ်းဖက်စစ်အုပ်စုဟာ လူထုကို အကြောက်တရားနဲ့ ဖိပြီးအုပ်ချုပ်လို့ရမယ် ထင်နေပါတယ်။ အမှန်က လူထုဟာ စစ်အုပ်စုကို အလွန်ခါးသီးနေကြပြီဖြစ်ပြီး လုံးဝလက်မလျှော့ဘဲ အဆုံးအထိ တိုက်ပွဲဝင်ဖို့ ဒီနေ့အချိန်ထိကို စိတ်ဆုံးဖြတ်ထားကြဆဲ ဖြစ်ပါတယ်။" https://bit.ly/3IHEts9